# သက်နုကမ္ဘာ

ဒေါက်တာ ဂျွန်မောရစ်သည် ဖန်ဆင်းခြင်းဆိုင်ရာ သိပ္ပံပညာကို နှစ်ပေါင်းများစွာ ဟောပြောသူ၊ **သက်နုကမ္ဘာ** အတွက် သက်သေအထောက် အထားများနှင့် ပတ်သက်၍ လွယ်လင့်တကူ နားလည်နိုင်သည့်ပုံစံဖြင့် ရှင်းလင်းပြတ်သားစွာ လိုရင်းတိုရှင်း တင်ပြသူ၊ ဘူမိဗေဒပါမောက္ခအဖြစ် လက်ရှိလုပ်ကိုင်နေသူဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ထောင်ပေါင်း အနည်းငယ်ခန့်က ကမ္ဘာကို ဖန်ဆင်းခဲ့သည်ဟု သမ္မာကျမ်းစာတွင် ဖော်ပြထားသည်။ သို့တစေ ဆင့်ကဲဖြစ်စဉ် သီအိုရီသမားများက အမှန်အဖြစ် တင်ပြကာ နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့ကို ပစ်ခတ် တိုက်ခိုက်နေသည်။ ကမ္ဘာနှင့် စကြာဝဠာ၏ သက်တမ်းမှာ နှစ်ပေါင်း ဘီလျံနှင့် ချီရှိပြီဟုဆိုကြောင်း။ နှစ်ခုစလုံး အမှန်ယူရန်မှာမူ မဖြစ်နိုင်ကြောင်း သိသာထင်ရှားသည်။

ဤစာအုပ်၌ သက်နုကမ္ဘာအတွက် ဘူမိဗေဒဆိုင်ရာအထောက်အထားများစွာ ပါရှိ၏။ သို့သော် ထိုဘူမိဗေဒအချက်အလက်များအား ခရစ်ယာန်အမြင်ဖြင့်မည်သို့ စဉ်းစားဆင်ခြင်ရမလဲဆိုတာ ပို၍အရေးကြီးသည်။ သို့နှင့်ကျောက်ဖြစ်ရုပ်ကြွင်းများ၊ သက်တမ်းသတ်မှတ်ခြင်းနည်းစနစ်များနှင့် ဆင့်ကဲဖြစ်စဉ်သီအိုရီအရ လိုအပ်သော **အယူအဆများ** စုံလင်စွာ ပါဝင်သည်။ ကျရှုံးသောကမ္ဘာတွင် အပြစ်၏ရလဒ်များနှင့် ယနေ့ လူ့အဖွဲ့အစည်းအတွင်း ဆင့်ကဲဖြစ်စဉ်အတွေးအခေါ်၏ ပယောဂများကိုပါ ဒေါက်တာမောရစ် အကျယ်တဝင့် ဆွေးနွေးထားသည်။

ဤတမူ ထူးခြားသော စာအုပ်တွင် အပိုင်းနှစ်ပိုင်း ခွဲခြားပြီး လွယ်ကူစွာ သဘော ပေါက်နိုင်ရန် သရုပ်ဖော်ပြမှုအပိုင်း တစ်ပိုင်းပါရှိသည်။ "အိုဗာဟက် ပရိုဂျက်တာ"ဖြင့် ရှုစားလို့ရအောင် အဆင်သင့် ဖော်ပြပေးသည်။ (ဤဘာသာပြန်စာအုပ်တွင်မူ ဤဒုတိယ အပိုင်းကို ချန်လှပ်ထားသည်။) ဤ **သက်နုကမ္ဘာ** စာအုပ်ပါ သတင်းအချက်အလက်များကို သင်၏အသင်းတော် သို့မဟုတ် ကျမ်းစာလေ့လာ သင်ယူသည့် အစုအဖွဲ့များနှင့် မျှဝေခံစားနိုင်သည်။


CMC
The truth shall make you free

ခရစ်ယာန်မီဒီယာစင်တာမှဘာသာပြန်ထုတ်ဝေသည်
အသင်းတော်တွင်းကန့်သတ်

စီအမ်စီစာစဉ် ၁၉